**Highlights from DVB Debate's deserves their own state Show?**

**Nov 25th, 2017**

**Who deserves their own state Show?**

"တိုင်းရင်းသား ၁၃၅မျိုးဆိုတာမရှိပါဘူး။တချို့ လူမျိုးတမျိုးရဲ့ နာမည်ကိုနာမည်အမျိုးမျိုးနဲ့ ထည့်ထားတာရှိတယ်။ ဒါမျိုးကို ပြန်လည်စိစစ်ရမယ်။ ပြည်နယ်အသစ်တွေဖွဲ့ ဖို့ တော့လိုတယ်။ ခွဲထွက်တာက ဒီခေတ်အခြေအနေနဲ့ ကိုက်ညီမှုမရှိတော့ပါဘူး။"

**နိုင်ချမ်းတွဲ့ (ဒု-ဥက္ကဌ ၂။ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရက်တစ်ပါတီ)**

---

"၂၀၀၈ ဖွဲ့ စည်းပုံအရ ပြည်နယ်အသစ်တွေ လောလောဆယ် မလိုအပ်သေးပါဘူး။"

**ဦးဝင်းမော်ဦး။ အတွင်းရေမှူး (ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ။ မွန်ပြည်နယ်)**

------------------------------------------------------------------------------------------

"၇၄ အရပေါ်ထွန်းလာတဲ့ ပြည်ထောင်စုစနစ်က အဆင်မပြေပါဘူး။ လက်ရှိအခြေအနေအရ ပြည်နယ်အသစ်တွေ ပေါ်ဖို့ လိုအပ်ပါတယ်။ "

**ဦးထွန်းမြင့်ကျော် ( အယ်ဒီတာ။ သံလွင်တိုင်းမ် ဂျာနယ် )**

------------------------------------------------------------------------------------------

"ဖက်ဒရယ်သွားမယ်ဆိုရင် တိုင်းရင်းသားတန်းတူရည်တူရှိမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်က အရေးကြီးတယ်။"

**ဦးမောင်မောင်အေး( ဒု-ဥက္ကဌ ။ ထားဝယ်တိုင်းရင်းသားများပါတီ ။ DNP)**

------------------------------------------------------------------------------------------

"ဖွဲ့ စည်းပုံအတိုင်းသွားနေရင်၊  လေ့ကျင့်ရင်းနဲ့ ပျိုးထောင်သွားရမယ်။"

**ဦးဝင်းမော်ဦး။ အတွင်းရေမှူး (ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ။ မွန်ပြည်နယ်)**

---

"ခွဲထွက်ဖို့ မဟုတ်ဘူး။  ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့ ၊ ပြည်နယ်ဖွံ့ဖြိုးဖို့ အတွက်ပါ။ ခွဲထွက်ဖို့ မဟုတ်ပါဘူး။"

**ဦးမောင်မောင်အေး( ဒု-ဥက္ကဌ ။ ထားဝယ်တိုင်းရင်းသားများပါတီ ။ DNP)**

"တိုင်းရင်းသားအချင်းချင်းကြားမှာ အကောက်ခွန်အတွက် ၊ နယ်မြေဒေသအတွက် တိုက်ပွဲပဲရှိတယ်။ ဖက်ဒရယ်ကြောင့်ဖြစ်တဲ့ တိုက်ပွဲဆိုတာ မရှိပါဘူး။"

**ဦးထွန်းမြင့်ကျော် ( အယ်ဒီတာ။ သံလွင်တိုင်းမ် ဂျာနယ် )**

---

" တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ငြိမ်းချမ်းရေးသဘောတူညီချက် ရတဲ့အထိဆောင်ရွက်သွားဖို့ လိုတယ်။"

**ဦးဝင်းမော်ဦး။ အတွင်းရေမှူး (ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ။ မွန်ပြည်နယ်)**

---

ပရိသတ် (၁) သက်ဇော်ဦး( ဂျာနယ်လစ် )

"တိုင်းရင်းသားတွေက စစ်တပ်ရှိရုံလောက်နဲ့ ခွဲထွက်လို့ ရတယ်လို့ ထင်နေကြတယ်။ လူမှုရေးပညာရေးဖွံ့ဖြိုးမှု ရှိမှသာ ခွဲထွက်သင့်တယ်။ "

------------------------------------------------------------------------------------------------------------------------

ပရိသတ် (၃)

"ဝ " ဟာပြည်နယ်ထက်ပိုတဲ့ အခွင့်အရေး ရနေတယ်။

------------------------------------------------------------------------------------------------------------------------

ပရိသတ် (၄)

တိုင်းရင်းသားတွေခံစားချက်ကို လိုအပ်ချက်ကို အစိုးရကသိဖို့ လိုတယ်။ တိုင်းရင်းသားတွေရဲ့ ဒုက္ခကို နားလည်နိုင်ရမယ်။

------------------------------------------------------------------------------------------------------------------------

"မူအရ ဗမာပြည်နယ်ဆိုတာတော့ရှိသင့်တယ်။ ရှစ်ပြည်နယ်မူထက် ပိုတဲ့စဉ်းစားမှုမျိုး လုပ်သင့်ပါတယ်။"

**နိုင်ချမ်းတွဲ့ (ဒု-ဥက္ကဌ ၂။ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရက်တစ်ပါတီ)**

---

**Seg:3**

"ဗမာပြည်နယ်ရှိသင့်တယ်။ နယ်နိမိတ်သတ်မှတ်တဲ့ကိစ္စတွေမှာ ပြည်နယ်တွေရထားတဲ့ တိုင်းရင်းသားလူမျိုးစုတွေနဲ့ ညှိနှိုင်းသင့်သလို၊ ပြည်နယ်မရသေးတဲ့တိုင်းရင်းသားတွေနဲ့ လည်း ညှိနှိုင်းဖို့ လိုပါတယ်။ "

**ဦးဝင်းမော်ဦး။ အတွင်းရေမှူး (ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ။ မွန်ပြည်နယ်)**

------------------------------------------------------------------------------------------------------------------------

" လက်နက်ရှိမှလူရာဝင်တော့မှာလား။"

**ဦးမောင်မောင်အေး( ဒု-ဥက္ကဌ ။ ထားဝယ်တိုင်းရင်းသားများပါတီ ။ DNP)**

------------------------------------------------------------------------------------------------------------------

ပရိသတ် (၅) ကိုမြင့်နိုင်

"ဗမာပြည်နယ်ပေါ်ဖို့ လိုတယ်။ ဒါမှ ဗမာတိုင်းရင်းသားတစ်ကျပ်၊ ပြည်နယ်တွေက တစ်ကျပ်ဖြစ်မှာ။ ခုဟာက ဗမာ ၇ကျပ်၊ တိုင်းရင်းသားတစ်ကျပ်ဖြစ်နေတယ်။"

------------------------------------------------------------------------------------------------------------------

ပရိသတ် (၇) နိုင်ရဲဇော် (နိုင်ငံရေးစိတ်ဝင်စားသူ )

" ဖက်ဒရယ်ပြည်ထောင်စုကို တပ်မတော်က လိုချင်တဲ့ဒီဇိုင်းရှိတယ်။ တိုင်းရင်းသားတွေဖက်က လိုချင်တဲ့ ဒီဇိုင်းရှိတယ်။ အစိုးရက လိုချင်တဲ့ဒီဇိုင်းရှိတယ်။ ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုဒီဇိုင်းနဲ့ သွားမလဲဆိုတာသာ အဓိကအရေးကြီးတယ်။"

------------------------------------------------------------------------------------------------------------------